မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုပန်းခြံလမ်း၊ ခြံအမှတ်အေ-၄ ရှိ စပါးနံ့တာယာနှင့် ကျွတ်စက်ရုံကိုဖွင့်လှစ် လုပ်ကိုင်သူ အလုပ်ရှင် ဦးစိန်ဂင်းမောင်သည် ၎င်း၏စက်ရုံတွင် အလုပ်သမားဖြစ်လည်းကောင်း၊ အခြေခံ အလုပ်သမား အဖွဲ့အစည်း ဥက္ကဋ္ဌအဖြစ် လည်းကောင်း လုပ်ကိုင်နေသော မောင်ဂင်းဇော်ထွန်းအား (၂၆.၁၁.၂၀၁၅)ရက်နေ့တွင် အလုပ်သဘောတူစာချုပ်ပါ စည်းကမ်းချက်များကို ချိုးဖောက်သည်ဟူသော စွပ်စွဲချက်ဖြင့် အလုပ်မှထုတ်ပယ်ခဲ့ပြီး ၎င်းအကြောင်းအရာများနှင့် ပက်သက်၍ မောင်ဂင်းဇော်ထွန်းသည် မည်သည့် စည်းကမ်းချက်မျှချိုးဖောက်ထားခြင်းမရှိသဖြင့် အလုပ်ပြန်လည်ရရှိရေးအတွက် ဥပဒေနှင့် အညီ အဆင့်ဆင့်ဖြေရှင်းဆောင်ရွက်ခဲ့ပြီးနောက် ခုံရုံးအဆင့်ဆင့်မှ အလုပ်ပြန်ခန့်ရန် အမိန့်ချခဲ့ပြီး ခုံသမာဓိ ကောင်စီ၏ဆုံးဖြတ်ချက်အရလည်း ကြားကာလနစ်နာကြေးအဖြစ် လုပ်ခလစာ ရရှိခဲ့သော်လည်း ယခုအခါ လုပ်ငန်းရှင်သည် ခုံသမာဓိကောင်စီ၏အမိန့်နှင့် ပက်သက်၍ အလုပ်ရှင်မှ ကျေနပ်မှုမရှိသဖြင့် စာချွန်တော် ခုံရုံးသို့ ဆက်လက်တက်ရောက်ခဲ့ရာတွင် နစ်နာကြေးထောက်ပံ့ငွေမရရှိတော့သဖြင့် မိသားစုစားဝတ်နေရေး ခက်ခဲလာကြောင့် လုပ်ငန်းခွင်သို့ အမြန်ဝင်ရောက်နိုင်ရန်အတွက် မန္တလေးမြို့ အလုပ်ရုံစစ်ဆေးရေး ဦးစီးဌာန(ခရိုင်ရုံး) လက်ထောက်ညွှန်ကြားရေးမှူး ၊ အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၊ မြန်မာနိုင်ငံစက်မှု လက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS) ရွှေပြည်သာမြို့နယ်၊ မြန်မာနိုင်ငံတောင်သူလယ်သမားစိုက်ပျိုးရေးနှင့် စားသောက်ကုန်လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (AFFM-IUF) တို့ ကို ၂၀၁၅ခုနှစ် နိုဝင်ဘာလ (၁၆)ရက်နေ့တွင် တင်ပြတောင်းဆိုခြင်း။